ပန်းဒလဲကျေးရွာ

လောင်းလုံးမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၀ - ၂၀၂၄)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပန်းဒလဲကျေးရွာ၊ လောင်းလုံးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၂၀ ခုနှစ်၊ ဩဂုတ်လ

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | စကားချီး | ၃ |
| | ပန်းဒလဲကျေးရွာ သယံဇာတပြမြေပုံ၊ လောင်းလုံးမြို့နယ် | ၅ |
| | | |
| ၁။ | တည်နေရာနှင့် ပထဝီဝင် အနေအထား | ၆ |
| ၂။ | ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ | ၆ |
| ၃။ | ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ | ၆ |
| ၄။ | စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ | ၈ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၈ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၉ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၉ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း | ၁၀ |
| ၅။ | အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ | ၁၁ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၁၁ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၁၁ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၁၂ |
| ၆။ | ပညာရေး | ၁၂ |
| ၇။ | ကျန်းမာရေး | ၁၄ |
| ၈။ | ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁၅ |
| ၉။ | ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ | ၁၅ |
| ၁၀။ | ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ | ၁၆ |
| နောက်ဆက်တွဲ | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၇ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၈ |
| | နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၆၁ |
| | နောက်ဆက်တွဲ (၄) စီမံချက်အဆိုပြုလွှာ (၁) | ၆၄ |
| | နောက်ဆက်တွဲ (၅) စီမံချက်အဆိုပြုလွှာ (၂) | ၆၆ |
| | နောက်ဆက်တွဲ (၆) စီမံချက်အဆိုပြုလွှာ (၃) | ၆၉ |
| | | |
| | | |
| | | |
| | | |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းသည် ၂၀၁၉/၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃/၂၄ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများ စုပေါင်းပါဝင် ရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့်စီမံကိန်း ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီး ဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ် များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများ ကိုလည်း ကျေးဇူး တင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက် နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်း လုပ်ဆောင် ပေးရုံ သာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီး ဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာ ဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက် အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံ လိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်း ဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီး တို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ် သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထားဖော်ပြထားပါသည်။

၂၀၂၀ ခုနှစ်၊ ဩဂုတ်လ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ပန်းဒလဲကျေးရွာ
လောင်းလုံးမြို့နယ်

## ပန်းဒလဲကျေးရွာ သယံဇာတပြမြေပုံ၊ လောင်းလုံးမြို့နယ်



## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ပထဝီဝင်အနေအထားအရ တနင်္သာရီတိုင်းဒေသကြီးသည် မြန်မာပြည်၏ တောင်ဘက် အကျဆုံး တိုင်းဒေသကြီးတစ်ခုဖြစ်ပြီး မြောက်ဘက်တွင် မွန်ပြည်နယ်၊ တောင်ဘက်တွင် တနင်္သာရီတိုင်းဒေသကြီး၊ အရှေ့ဘက်တွင် ထိုင်းနိုင်ငံတို့နှင့် နယ်နိမိတ် ချင်းဆက်စပ်နေသော ဒေသတစ်ခုဖြစ်ပါသည်။ လောင်းလုံးမြို့သည် တနင်္သာရီတိုင်း ဒေသကြီး၏ မြောက်ဘက်ပိုင်းတွင်တည်ရှိပြီး ရေဖြူမြို့နယ်၊ ထားဝယ်မြို့နယ်များနှင့် ထိစပ်လျက်ရှိပါသည်။

ပန်းဒလဲကျေးရွာသည် ပထဝီအနေအထားအရ မြေပြန့်ဒေသဖြစ်ပါသည်။ ပန်းဒလဲကျေးရွာသည် အုပ်စုကျေးရွာဖြစ်ပြီး လောင်းလုံးမြို့နယ်၏ အရှေ့မြောက်ပိုင်းတွင် (၅) မိုင်ကွာဝေး ပါသည်။ အရှေ့ဘက်တွင် လယ်ကွင်းများနှင့် ထားဝယ်မြစ်၊ အနောက်ဘက်တွင် ရာဘာတောနှင့် တောင်တန်းများ၊မြောက်ဘက်တွင် ကျေးနုတ်ပြင်ကျေးရွာ၊ တောင်ဘက်တွင် အင်းဖောက်ကျေးရွာတို့နှင့် နယ်နိမိတ်ချင်း ထိစပ် နေပါသည်။ ကျေးရွာမှ ထားဝယ်မြို့သို့ သွားရောက်ရန် (၉)မိုင်ခန့် ကွာဝေးသဖြင့် နေ့ချင်းပြန်သွားလာနိုင်ပြီး ကုန်စည်စီးဆင်းမှုမှာ အဆင်ပြေ ချောမွေ့ပါသည်။ ပန်းဒလဲကျေးရွာတွင် လယ်ယာလုပ်ငန်း နှင့် ရာဘာလုပ်ငန်း တို့ကို အဓိကထား၍ လုပ်ကိုင်ကြပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

လောင်းလုံးမြို့နယ်၏ (၂၀၁၉) ခုနှစ်အတွင်း မိုးရွာရက်ပေါင်း (၁၃၀) ရက်နှင့် မိုးရေချိန်မှာ (၁၈၉.၇၂) လက်မအထိဖြစ်ပါသည်။ အပူပိုင်း မုတ်သုံရာသီဥတုဖြစ်ပြီး တစ်နှစ်ပျမ်းမျှ အပူချိန်မှာ (၂၈)ဒီဂရီ စင်တီဂရိတ်ဖြစ်ပါသည်။ ပန်းဒလဲကျေးရွာတွင် ဓာတ်သတ္တု နှင့် အခြားသဘာဝအရင်း အမြစ်များ မတွေ့ရှိပါ။ သို့သော်လည်း ကျောက်၊ သဲ၊ ကျောက်စရစ်များကို ကျေးရွာချောင်းမှ အနည်းအငယ်ရရှိသော်လည်း အသုံးချနိုင်မှုခက်ခဲပါသည်။ သို့သော်လည်း ကျေးရွာမှ (၅)မိုင်ခန့် ကွာဝေးသော ဝေဒီကျေးရွာတွင် လွယ်ကူစွာ ဝယ်ယူနိုင်ပါသည်။ ကျေးရွာတွင် သဘာဝမျိုးစေ့အပင်များနှင့် သဘာဝ တိရစ္ဆာန်မျိုးစေ့များ မရှိပါ။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျွန်ုပ်တို့ကျေးရွာတွင် လူထုအခြေပြုအဖွဲ့အစည်း(၁၉)ဖွဲ့ရှိပါသည်။ အရံမီးသတ်အဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ ဂေါပကအဖွဲ့၊ အိုးသူကြီးနှင့် မီးလင်းရေးအဖွဲ့မှာ အုပ်ချုပ်ရေးအဖွဲ့နှင့် အဓိကပူးပေါင်းဆောင်ရွက်သော အဖွဲ့များဖြစ်ကြပါသည်။ မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှာ ပညာရေးအတွက် အဓိကထားဆောင်ရွက်ပြီး စွမ်းဆောင်နိုင်မှု ကောင်းမွန်ပါသည်။ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအသင်းမှာ

ကျေးရွာတွင် ဆေးထိုးနှံမှုများ၊ ကာကွယ်ဆေး တိုက်ကျွေးမှုများမှာ ကျန်းမာရေးပညာရေး အစီအစဉ်များအတွက် အဓိကထားဆောင်ရွက်ပြီး ဝန်ဆောင်မှုကောင်းပါသည်။ အရက်တော်အဖွဲ့နှင့် ကုသဒါနအသင်းမှာ ဘာသာရေးအား အဓိကဆောင်ရွက်ပေးပြီး ဝါတွင်း(၃)လ ဥပုပ်နေ့များတွင် ဆွမ်းများလှူခံလေ့ရှိပါသည်။ သက်ကြီးပြုစု စောင့်ရှောက်ရေးအဖွဲ့မှာ အသက်(၆၀)အထက် အဘိုးအဘွားများအား (၂)ပတ်လျှင် တစ်ကြိမ် တနင်္ဂနွေနေ့တိုင်း ကျန်းမာရေးဝန်ဆောင်မှုပေးခြင်း၊ ဖြည့်စွက်အာဟာရကျွေးမွေးခြင်း တို့ကိုဆောင်ရွက်ပေးပါသည်။ ကျေးရွာတွင် ဘုန်းတော်ကြီး ကျောင်း(၃)ကျောင်းရှိပြီး အပျို/လူပျိုအသင်းတွင် (၃၀၀)ဦးခန့် ရှိပါသည်။ အိုးသူကြီးအဖွဲ့မှာ ကျေးရွာတွင် ကထိန်ခင်း၊ ရဟန်းခံ၊ ရှင်ပြုပွဲများ၊ အလှူတော်မင်္ဂလာပွဲများ၊ မင်္ဂလာပွဲများ စသည့်ပွဲများတွင် တက်ကြွစွာပါဝင်ကြပါသည်။ ထို့ကြောင့် ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများသည် ကျေးရွာ၏ လိုအပ်ချက်များအား အဘက်ဘက်မှ ထောက်ပံ့ပေးလျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူကျေးရွာသားများကိုယ်တိုင် ပူးပေါင်းပါဝင် ရွေးချယ်ဖွဲ့စည်းခဲ့ပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင်ပါဝင်သော ဦးစားပေး လုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ပန်းဒလဲကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပ အဖွဲ့အစည်းများအနေဖြင့် World Vision နှင့် ဓမ္မစကူးလ် ဖောင်ဒေးရှင်းအဖွဲ့ဟူ၍ အဖွဲ့(၂)ဖွဲ့ရှိပါသည်။ World Vision အဖွဲ့မှာ ပညာရေး၊ကျန်းမာရေးအပြင် ငွေစုငွေချေး ကိစ္စရပ်များအား ဆောင်ရွက်ပေးပြီး နေ့စဉ်စားဝတ်နေရေး အထောက်အကူပြု စေရေးအတွက် ဟင်းသီးဟင်းရွက် စိုက်ပျိုးစေခြင်းနှင့် ကြက်၊ ဝက်များမွေးမြူရန် နည်းပညာ လည်း ပံ့ပိုးပေးပါသည်။ ဓမ္မစကူးလ် ဖောင်ဒေးရှင်းမှာ ဘုန်းတော်ကြီးကျောင်း (ရွှေဘုံသာကျောင်း)တွင် အပတ်စဉ် တနင်္ဂနွေနေ့တိုင်းကျောင်းသား/သူများအားယဉ်ကျေးမှုဆိုင်ရာအသိပညာများအား သင်ကြားပေးပြီး ကျွေးမွေးဧည့်ခံမှုများလည်း ရှိပါသည်။ ထို့ကြောင့် ကျေးရွာရှိ ပြင်ပအဖွဲ့အစည်းများသည်လည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်မှ ဆောင်ရွက်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ကျေးရွာ၏ စိုက်ပျိုးမြေကေမှာ (၃၆၀) ကေရှိပါသည်။ လယ်မြေမှာ (၂၁၃) ကေရှိပြီး မြေဆီလွှာ အရည်အသွေးအသင့်အတင့်ကောင်းမွန်ပါသည်။ ထို့အပြင် ယာမြေ (၁၇)ကေ နှင့် ဥယျာဉ် ခြံမြေ(၁၂၃)ကေရှိပြီး ရာဘာ စိုက်ပျိုးမှု ပိုများပါသည်။ ဓနိတောမြေ (၇)ကေမှ ဓနိဖက်၊ ပအုံးရည်နှင့် ပျားအနည်းငယ်ရရှိပါသည်။ကျေးရွာ၏ အဓိကသီးနှံမှာ စပါးဖြစ်ပြီး အနည်းဆုံး (၂၀)တင်းမှ အများဆုံး(၄၀)တင်းအထိ ထွက်ရှိပါသည်။ စိုက်ပျိုးမြေမှာ (၂၀၀)ကေခန့်ရှိပြီး သွင်းအားစုလိုအပ်ချက် အလယ်အလတ်ရှိကာ အမြတ်ရရှိနိုင်မှု အသင့်အတင့် ရှိပါသည်။ ဒုတိယ သီးနှံမှာ ရာဘာဖြစ်ပြီး စိုက်ပျိုးမြေ (၁၂၀)ကေ ရှိပါသည်။ အထွက်နှုန်းမှာ (၁)ကေလျှင် အများဆုံး (၄၀၀)ပေါင်ထွက်ရှိပြီး အနည်းဆုံး (၂၀၀)ပေါင်ထွက် ရှိပါသည်။ပျမ်းမျှအားဖြင့် (၁)ကေလျှင် (၃၀၀)ပေါင်ထွက်ပြီး အမြတ်ရရှိနိုင်မှု အလယ်အလတ် ရှိပါသည်။ ရာဘာအား အောက်တိုဘာလမှ မေလအထိ လုပ်ကိုင်ကြပြီး သွင်းအားစု လိုအပ်ချက် အသင့်အတင့်ရှိပါသည်။ အခြားသီးနှံများ အနေဖြင့် ကွမ်းရွက်၊ ရာသီပေါ် သီးနှံများ စိုက်ပျိုးမှု အနည်းငယ် ရှိပါသည်။

ကျေးရွာတွင် စိုက်ပျိုးရေအရင်းအမြစ်အနေဖြင့် လက်ငင်ရေတွင်း (၂)တွင်း ရှိသော်လည်း သုံးစွဲမှုမရှိတော့ပါ။ အများအားဖြင့် လက်တူးတွင်းမှ ရေပိုက်ဖြင့် သွယ်တန်း ထားပြီး ရာသီပေါ်သီးနှံများအား စိုက်ပျိုးလေ့ရှိပါသည်။ စပါးစိုက်ပျိုးခြင်းကိုမူ မိုးရေကိုသာ အဓိက ထား အသုံးပြုသဖြင့် မိုးစပါးသာ စိုက်ပျိုးလေ့ရှိပါသည်။ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှုများအနေဖြင့် လက်တွန်းထွန်စက်(၃)စင်း၊ ရိတ်သိမ်းခြွေလှေ့ စက်(၁)စင်း၊ ရေစုပ်စက်(၄)လုံးနှင့် မြက်ရိတ်စက် (၆၄)လုံးတို့ဖြစ်ကြပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းအား အဓိက စီးပွားရေး လုပ်ငန်းအဖြစ် လုပ်ကိုင်ကြပြီး စိုက်ပျိုးရေးသုံး ကိရိယာများ မပိုင်ဆိုင်သော တောင်သူများသည် ငှါးရမ်း လုပ်ကိုင် ရပါသည်။ စပါးပျိုးထောင် ရန်အတွက် ငှါးရမ်းလုပ်ကိုင်သူများမှာ (၁)ကေလျှင် (၄၀၀၀၀)ကျပ် ပေးရပါသည်။ ထွန်ယက် စိုက်ပျိုး ရိတ်သိမ်းခမှာမူ တစ်ကေလျှင် (၅၀၀၀၀)ကျပ် ပေးရပါသည်။ ရိတ်သိမ်း ခြွေလှေ့စက်များမှာ ကျေးရွာ (၁)လုံးသာရှိသဖြင့် ငှါးရမ်း အသုံးပြုနေရသော အိမ်ထောင်စု (၅၀)စုခန့် ရှိပါသည်။ လယ်တောထဲသို့သွားရန် သီးသန့်လမ်း မရှိသဖြင့် အထက်ပိုင်း ရိတ်သိမ်းပြီးမှသာ အောက်ပိုင်းရှိ လယ်ယာများ ရိတ်သိမ်းရပါသည်။။ ထို့ကြောင့် သီးနှံများ အမှည့်လွန်ကာ အလေအလွင့် အနည်းအငယ် ရှိပါသည်။ ထို့ကြောင့် ပန်းဒလဲကျေးရွာတွင် စိုက်ပျိုးရေး သုံးကိရိယာများ အဆင်ပြေစေရေးတွက် လယ်ယာသုံးစက်ကိရိယာများအား

အရစ်ကျ စနစ်ဖြင့် ရောင်းချပေးနေသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ကုမ္ပဏီများ စသည်တို့နှင့် ချိတ်ဆက်ပြီး ဝယ်ယူမည်ဆိုပါက တောင်သူများအတွက် ပိုမိုအဆင်ပြေလာမည် ဖြစ်ပါသည်။

ပန်းဒလဲကျေးရွာတွင် သဘာဝရေမြေရာသီဥတု အနေအထားမှာ ကောင်းမွန်သလို လယ်ယာမြေအသုံးချနိုင်မှုလည်း အသင့်အတင့် ကောင်းမွန်သဖြင့် စိုက်ပျိုးရေးသီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းများစွာရှိပါသည်။ ထို့အပြင်ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု အနေဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှရရှိသလို မြစိမ်းရောင်ကျေးရွာ စီမံကိန်းမှလည်း အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေရရှိနိုင်သဖြင့်အဆင်ပြေမှုရှိပါသည်။ သီးနှံ မျိုးစေ့နှင့် သဘာဝမြေဩဇာများကို အသင့်အတင့် ဝယ်ယူနိုင်ပါသည်။ ထို့အပြင် ဓာတ်မြေဩဇာများကိုလည်း လွယ်ကူစွာဝယ်ယူနိုင်ပြီး စိုက်ပျိုးထားသော သီးနှံများကို ဈေးနှုန်းမှန်ကန်စွာ ရောင်းချနိုင်ပါသည်။ ထို့အပြင် ကျေးရွာတွင် ပြည်ပရွှေ့ပြောင်း လုပ်သားများ များပြားသဖြင့် လုပ်သားရရှိမှုရှားပါးလာသဖြင့် စက်ကိရိယာများဖြင့်သာ ဆောင်ရွက်လာကြပါသည်။ စပါးခင်း များတွင် ကြွက်များ၊ လောင်မီးပိုးနှင့် အရွက်စား ပိုးများ ကျရောက်ခြင်း အနည်းငယ်သာရှိပြီး ဆုံးရှုံးမှု အနည်းငယ်ဖြစ်တတ်ပါသည်။ကျေးရွာတွင် စပါးစိုက်ပျိုးခြင်းအား အဓိက အသက်မွေးဝမ်းကျောင်း လုပ်ကိုင်သဖြင့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးသင်တန်းများ ဆောင်ရွက်ပါက အထောက်အကူများစွာ ရရှိလာမည်ဖြစ်ပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းအား အဓိကစီးပွားအဖြစ် လုပ်ကိုင်သူမှာ မရှိသလောက် နည်းပါးပါသည်။ နွားမွေးမြူသော အိမ်ထောင်စု(၄)စုရှိပြီး အကောင်ရေ(၁၅) ကောင်ရှိပါသည်။ အသားရရှိရန်အတွက် မွေးမြူခြင်းမဟုတ်ဘဲ နို့ရရှိရန်သာ မွေးမြူခြင်း ဖြစ်ပါသည်။ ထို့အပြင် ဝက်မွေးမြူသော အိမ်ထောင်စု(၁)စုနှင့် ကြက်မွေးမြူသော အိမ်ထောင်စု (၁၄)စုလည်း ရှိပါသည်။ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းတိုးတက်စေရန်အတွက် အခွင့်အလမ်းများအနေဖြင့် ရေရရှိမှု အလုံအလောက်ရှိပါသည်။ မျိုးတိရစ္ဆာန်များ၊ သွင်းအားစုများ အသင့်အတင့်ဝယ်ယူနိုင်ပြီး နည်းပညာဝန်ဆောင်မှုများလည်း အသင့်အတင့်ရရှိပါသည်။ ချေးငွေမှာ မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ ထုတ်ချေးပေးပြီး အတိုးနှုန်းမှာ (၁%)သာ ဖြစ်သဖြင့် အဆင်ပြေမှုရှိပါသည်။ ထို့အပြင် မွေးမြူထားသော တိရစ္ဆာန်များအား ရောင်းချရန် နိုင်သည့်အပြင် အိမ်ခြေဝင်း အတွင်းတွင်လည်း အသင့်အတင့် မွေးမြူနိုင်ပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာတွင် အခြားဝင်ငွေရ လုပ်ငန်းများအနေဖြင့် လက်သမား၊ ပန်းရံ၊ ဆိုင်ကယ်

ပြင်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ ဘဏ္ဍာဝန်ထမ်း၊ ပို့ဆောင်ရေးလုပ်ငန်း၊ ပညာရေး ဝန်ထမ်း၊ သူနာပြုဆရာမ၊ မုန့်လုပ်ငန်း၊ ခေါက်ဆွဲနှင့် မုန့်တီပြုလုပ်ခြင်း၊ အလှပြင်ဆိုင် တို့ဖြစ်ကြပါသည်။ ဆောက်လုပ်ရေးအလုပ်သမားများမှာ တစ်ရက်လျှင် အများဆုံး (၂၀၀၀၀)ကျပ်မှ အနည်းဆုံး (၈၀၀၀)အထိ ရရှိပါသည်။ လက်လီလက်ကား ရောင်းဝယ်မှုများမှာ အများဆုံး (၁၀၀၀၀)မှ အနည်းဆုံး(၅၀၀၀)အထိ ရရှိပါသည်။ကျွမ်းကျင်ပညာရှင်များအနေဖြင့် အပ်ချုပ်သမားများရှိပြီး လုပ်အားခနှုန်းထားမှာ အများဆုံး (၈၀၀၀)မှ အနည်းဆုံး (၃၀၀၀)အထိ ရရှိပါသည်။ အပ်ချုပ်သမားများမှာ ပွင့်လင်းရာသီများ၌ ဝင်ငွေပိုရရှိပြီး မိုးရာသီ၌ ဝင်ငွေရရှိနိုင်မှုနည်းပါသည်။ ထို့အပြင် မုန့်လုပ်ငန်း၊ မုန့်တီလုပ်ငန်းနှင့် ခေါက်ဆွဲလုပ်ငန်းတို့မှာ အလှူများရှိပါက ပိုမိုရောင်းရပြီး (၃၀၀၀၀၀-၅၀၀၀၀၀)ကျပ်အထိရရှိ ပါသည်။ ပုံမှန်အားဖြင့် (၁၀၀၀၀-၄၀၀၀၀)ကျပ်အကြား ရရှိပါသည်။ လျှပ်စစ်မီးရရှိမှုကောင်းမွန်သဖြင့် အသေးစားစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်လိုသူများအတွက် အခွင့်အလမ်းရှိပြီး ချေးငွေရရှိမှုလည်း အသင့်အတင့် အဆင်ပြေပါသည်။ ကျေးရွာသူ/သားများသည် အလုပ်နှင့် လိုက်လျောညီထွေသော အတတ်ပညာတစ်ခုခုအား အသင့်အတင့်တတ်မြောက်ပြီး ဈေးကွက်အသိအမြင်လည်း ရှိသဖြင့် စိုက်မွေးမဟုတ်သော အသက်မွေးဝမ်းကျောင်း လုပ်ကိုင်သူ များအတွက် အခွင့်အလမ်းများစွာ ရှိပါသည်။

### (ဃ) ဘဏ္ဍာနှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျွန်ုပ်တို့ကျေးရွာတွင် ငွေကြေးဝန်ဆောင်မှုများ အနေဖြင့် ချေးငွေရရှိနိုင်သောနေရာများမှာ အသင့်အတင့်ရှိပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူလယ် သမားများသည် အပေါင်ခံပစ္စည်းပုံစံ(၇)ဖြင့် ထုတ်ချေးနိုင်ပါသည်။ ၎င်းအပြင် ကျေးရွာတွင် အဖွဲ့လိုက် ငွေချေးအစီအစဉ် ငွေချေးပေးသူ၊ မိတ်ဆွေနှင့် ဆွေမျိုးများမှလည်း ချေးငွေ ရရှိနိုင်ပြီး အတိုးနှုန်းမှာ (၅မှ၁၀%)အကြားဖြစ်ပါသည်။ အတိုးနှုန်းများသဖြင့် အရေးပေါ်ကိစ္စများကြုံတွေ့လာမှသာ ထုတ်ချေးကြပြီး ချေးငွေရရှိရန် ခက်ခဲပါသည်။ ၎င်းအပြင် ကျေးရွာကျန်းမာရေးအဖွဲ့မှ အတိုးနှုန်း(၄%)ဖြင့် ထုတ်ချေးနိုင်သော်လည်း ချေးငွေရရှိရန် ခက်ခဲပါသည်။ ထို့အပြင် စိုက်ပျိုးရေး လုပ်ကိုင်လိုသူများ၊ မွေးမြူရေး လုပ်ကိုင်လိုသူများ၊ အရောင်းအဝယ်လုပ်ငန်း ဆောင်ရွက်လိုသူများ၊ မီးလင်းရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်း ဆောင်ရွက်လိုသူများအတွက် အတိုးနှုန်း သက်သာစွာဖြင့် ထုတ်ချေး ပေးနေသော မြစိမ်းရောင်စီမံကိန်းလည်းရှိသဖြင့် ငွေကြေးလက်လှမ်းမီများနှင့် ပတ်သက်၍ အသင့်အတင့်အဆင်ပြေမှု ရှိကြောင်း လေ့လာတွေ့ရှိရ ပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် ရွာတွင်းလမ်း(၄)လမ်းရှိပြီး မြေသားလမ်းများ ဖြစ်ကြပါသည်။ အဆိုပါလမ်းများသည် နွေရာသီတွင် သွားလာရန်အဆင်ပြေသော်လည်း မိုးရာသီတွင် နှစ်စဉ်ရေကျော်လေ့ရှိသဖြင့် ရွှံ့ဗွက်များထပြီး ကျောင်းသူ/သားများ၊ ရဟန်းသံဃာများ၊ ဈေးသို့ သွားလာသူများ အခက်အခဲများစွာ ရှိပါသည်။ ကျေးရွာတွင်းလမ်း(၃)လမ်းမှာ (၁၄၂၀'×၁၈') ရှိပြီး ကျန်(၁)လမ်းမှာ (၂၉၀၀'×၂၄')ရှိပါသည်။ ကျေးရွာချင်းဆက်လမ်း(၃)လမ်းမှာ (၃)လမ်း ရှိပြီး (၁)လမ်းမှာ ကတ္တရာလမ်းဖြစ်ကာ ကျန်(၂)လမ်းမှာ မြေသားလမ်းဖြစ်ပါသည်။ မြေသားလမ်း (၂)လမ်းမှာ (၁/၃)မိုင်ခန့်ရှိပြီး မိုးရာသီတွင် သွားလာရန် ခက်ခဲပါသည်။ ထို့ကြောင့် အဆိုပါလမ်းများအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ရန် လိုအပ်နေပါသည်။ ကျေးရွာ၏ ကျေးရွာချင်းဆက်လမ်းအပေါ်တွင် ကွန်ကရစ်တံတား(၃)စင်းရှိပြီး အရည်အသွေး ကောင်းမွန်ပါသည်။ ထို့အပြင် (၁၅×၃'×၃')ရှိ ရေပြွန် (၇)စင်းရှိပြီး ဆောက်လုပ်ထားသည်မှာ (၅)နှစ်ကျော်ပြီဖြစ်၍ ပြုပြင်ရန် လိုအပ်နေပါသည်။ ထို့အပြင် ရွာတွင်း လမ်းအပေါ်တွင် နှစ်စဉ်ရေကျော်လေ့ရှိသဖြင့် (၂၄'×၅'×၅') ကွန်ကရစ်တံတား ဆောက်လုပ်ရန် လိုအပ်နေပါသည်။ ကျေးရွာတွင် ရေကြောင်းသယ်ယူပို့ဆောင်ရေးအဖြစ် ထားဝယ် မြစ်ကြောင်းအား တစ်ခါတစ်ရံ အသုံးပြုပါသည်။ ထိုမြစ်ကြောင်းမှ စက်လှေ၊ ဝါးဖောင်များဖြင့် ဓနိဖက်၊ ဝါးများအား သယ်ယူလေ့ရှိပါသည်။ စက်ဘီးကို ကျောင်းသား/သူများ ကျောင်းသို့သွားရာတွင် အသုံးပြုပြီး မော်တော် ဆိုင်ကယ်ကိုမူ ကျေးရွာ၏ အဓိက သယ်ယူ ပို့ဆောင်ရေး ယာဉ်အဖြစ် လူမှုရေး၊ စီးပွားရေး၊ ပညာရေး စသည့် ကိစ္စရပ်တိုင်းအတိုင်း အသုံးပြုကြပါသည်။ သုံးဘီး ဆိုင်ကယ်နှင့် ကားကိုမူ ခရီးသွားလာရာတွင် အသုံးပြုပြီး ထော်လာဂျီအား ကုန်ပစ္စည်းများ သယ်ယူရာတွင် အသုံးပြုပါသည်။ ကား များတွင် မြိတ်၊ ဘုတ်ပြင်း၊ ကော့သောင်းမြို့ များသို့ ပြေးဆွဲနေသော ကားများလည်းရှိပါသည်။

### (ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် မဟာဓာတ်အားလိုင်းရရှိပြီးဖြစ်ပါသည်။ ထို့အပြင် ပြုပြင်ထိန်းသိမ်းရေး စနစ် ကောင်းမွန်ပြီး လျှပ်စစ်မီးဓာတ်အားခအား ကျေးရွာမီးလင်းရေးအဖွဲ့မှ အိမ်တိုင်ရာရောက် ကောက်ယူသဖြင့် အဆင်ပြေမှုရှိပါသည်။ ထို့အပြင် ဆိုလာသုံးစွဲသူ အိမ်ထောင်စု(၂)စု ရှိပြီး မဟာဓာတ်အားလိုင်းနှင့် တွဲဖက်သုံးစွဲခြင်းဖြစ်ပါသည်။ ကျေးရွာတွင် လျှပ်စစ်မီးအား အချိန်ပြည့် ရရှိသဖြင့် အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းလုပ်ကိုင်လိုသူများအတွက် အခွင့်အလမ်းများစွာ ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ပန်းဒလဲကျေးရွာတွင် ဖုန်းအရေအတွက်မှာ (၆၃၃)လုံးရှိပြီး ဖုန်းတာဝါတိုင်မှာ ကျေးရွာ အတွင်းတွင် ရှိသဖြင့် ဖုန်းလိုင်းနှင့် အင်တာနက်လိုင်း ကောင်းမွန်ပါသည်။ ရေဒီယိုမှာ ကျေးရွာတွင် (၃၂)လုံးရှိပြီး သတင်းအချက်အလက်များ ရရှိနိုင်ပါသည်။ သတင်းစာနှင့် ဂျာနယ်တို့မှာ ထားဝယ်မြို့နှင့် နီးသဖြင့် ရရှိရန် လွယ်ကူပါသည်။ တီဗွီ (၃၀၅) လုံးနှင့် စလောင်း(၂၅၆)လုံးရှိပြီး သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ ဗဟုသုတများရရှိရန် လွယ်ကူပါသည်။ ကျေးရွာစာကြည့်တိုက်မှာ သီးသန့်မရှိဘဲ ဘုရားဝတ်ပြုကျောင်းအောက်တွင် ဖွင့်လှစ်ထားပါသည်။ အဆိုပါ စာကြည့်တိုက်သည် တစ်ပတ်(၂)ကြိမ်ဖွင့်လှစ်ပေးပြီး စာအုပ် ငှါးရမ်းမှုများလည်း ရှိပါသည်။ ထို့အပြင် စာပေဟောပြောပွဲများလည်း နှစ်စဉ်ပြုလုပ်လေ့ ရှိသဖြင့် ကျေးရွာနေ ပြည်သူများသည် အသိပညာဗဟုသုတ အသင့် အတင့်ကြွယ်ဝကြပါသည်။

၆။ ပညာရေး

ကျွန်ုပ်တို့ကျေးရွာ၏ ကျောင်းအဆင့်မှာ အထက်တန်းကျောင်း ဖြစ်ပါသည်။ ကျောင်းသည် ကျေးရွာအလယ်ဗဟိုတွင် ရှိပြီး ခြေလျင်၊ စက်ဘီးများဖြင့် သွားလာနိုင်ပြီး ကျောင်းသူ/သားများအတွက် အဆင်ပြေမှုရှိပါသည်။ ကျောင်းတွင် မူလတန်းမှ အထက်တန်းအထိ ကျောင်းသူ/သားပေါင်း (၇၀၀)ကျော်ခန့်ရှိပါသည်။ ကျောင်းတွင် အဆောက်အဦ(၈)ဆောင်ရှိပါသည်။ အဆောင်(၁)မှာ ၂၀၁၅-၂၀၁၆ခု ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ခဲ့ပြီး (၃၀'×၉၀') ရှိကာ အမိုး၊ အခင်းနှင့်အကာများ ကောင်းမွန်ပါသည်။ အဆောင်(၂)မှာ (၃၀'×၆၀')ရှိပြီး ဆောက်လုပ်ထားသည်မှာ ကြာမြင့်နေပြီဖြစ်၍ မိုးရာသီတွင် မိုးယိုတတ်ပြီး ကလေးများ စာသင်ရာတွင် အခက်အခဲများစွာ ကြုံတွေ့ရပါသည်။ အဆောင်(၃)မှာ ပင်မဆောင်ဖြစ်ပြီး ဆောက်လုပ်ထားသည်မှာ နှစ်(၄၀) ကျော်ပြီ ဖြစ်ပါသည်။ အဆိုပါအဆောင်အား ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်က ပညာရေးဌာန ရန်ပုံငွေဖြင့် ပြုပြင်ထားသဖြင့် အသင့်အတင့်ကောင်းမွန်ပါသည်။အဆောင်(၄)မှာ (၃၀'×၁၂၀')ရှိပြီး ဓနိမိုးထားပြီး အစိမ်းပိုင်းဖြင့် ကာထားပါသည်။အခင်းမှာ သဲဖြင့်ခင်းထားသဖြင့် ကလေးများဖြင့် အခက်အခဲ အနည်းငယ်ရှိပါသည်။ အဆောင်(၅)မှာ(၂၀'×၆၀')ရှိပြီး သွပ်မိုးထားသော်လည်းကာလကြာရှည်နေပြီဖြစ်၍ ပြုပြင်ရန်လိုအပ်နေပါသည်။ အဆောင်(၆)မှာ (၃၀'×၆၀')ရှိသော နှစ်ထပ်ဆောင်ဖြစ်ပြီး အမိုး အကာ၊ အခင်း အသင့်အတင့်ကောင်းမွန်ပါသည်။ အဆောင်(၇)မှာ (၃၀'×၆၀')ရှိသော ယာယီဆောင်ဖြစ်ပြီး ပြုပြင်ရန်လိုအပ်နေပါသည်။အဆောင်(၈)မှာ (၃၀'×(၁)၉၀')ရှိသောRC(၁)ထပ်ဆောင်ဖြစ် ပါသည်။ ကျောင်းသားဦးရေများလာသဖြင့် ကျောင်းအဆောက်အဦ မလုံလောက်သောကြောင့် (၃၀'×၁၀၀')ရှိသော နှစ်ထပ်ကျောင်းဆောင် လိုအပ်နေပါသည်။ ကျောင်း

အဆောက်အဦဆောက်လုပ်ရန် မြေနေရာလည်း ရှိပါသည်။ ကျောင်းသုံးပရိဘောဂများ လုံလောက်မှု မရှိသောကြောင့် တစ်ခုံလျှင်ကျောင်းသား(၅-၆)ဦးအထိ ထိုင်ရပါသည်။ ထို့ကြောင့် စာရေးခုံ (၁၀၀)စုံခန့် ဖြည့်ဆည်းလိုအပ်နေပါသည်။ ကျောင်းတွင် အစည်းအဝေးများ ပြုလုပ်ပါက နေရာ အခက်အခဲရှိသောကြောင့် အစည်းအဝေးခန်းမ သီးသန့်ပြုလုပ်ရန် လိုအပ်နေပါသည်။ ကျောင်း ခြံစည်းရိုးမှာ အရှေ့မျက်နှာတစ်ဖက်သာ ကောင်းမွန်ပြီး ကျန်(၃) မျက်နှာ ပြုပြင်ရန်လိုအပ်နေပါသည်။ကျောင်းအိမ်သာမှာ (၃)ခန်းတွဲ(၄)လုံး၊ (၂)ခန်း တွဲ(၂)လုံး နှင့်(၁၀)ခန်းတွဲ(၁)လုံး စုစုပေါင်း(၇)လုံးရှိပါသည်။ (၁၀)ခန်းတွဲ အိမ်သာမှာ ကျေးရွာမီးလင်းရေး အဖွဲ့မှ လှူဒါန်းထားပြီး အရည်အသွေးကောင်းမွန်ပါသည်။ (၃)ခန်းတွဲ(၂)လုံးနှင့် (၂)ခန်းတွဲ(၂)လုံးမှာ အရည်အသွေး ညံ့ဖျင်း သဖြင့် ပြုပြင်ရန် လိုအပ်နေပါသည်။ကျောင်းတွင် KGတန်းမှ Grade-4 အထိ နေ့စဉ် အာဟာရ (ပဲနို့)တိုက်ကျွေးမှုရှိပြီး ကျန်အတန်းများမှာ တစ်ခါတစ်ရံ တိုက်ကျွေးမှု ရှိပါသည်။ ထို့အပြင် မူလတန်းမှ အထက်တန်းအထိ အစိုးရခန့် ဆရာ(၃)ဦးနှင့် ဆရာမ (၃၀)ဦး စုစုပေါင်း(၄၃)ဦး ရှိပါသည်။ ကျောင်းသားများ ကစားရန် အားကစားကွင်းရှိပြီး အားကစားပစ္စည်းလည်း အသင့်အတင့် ရှိပါသည်။ ကျောင်းတွင် ရေတွင်းရှိပြီး ရေလုံလောက်စွာ သုံးစွဲနိုင်ပါသည်။ မိဘဆရာအသင်းမှာ ပူးပေါင်းပါဝင်မှု အားကောင်းသဖြင့် ပညာရေးအတွက် အထောက်အကူများစွာ ရရှိပါသည်။ မသန်စွမ်းသူများအား ပညာရေး အထူးစီအစဉ်ဖြင့် စီမံထားခြင်းမျိုးမရှိသော်လည်း ဆင်းရဲသော မိသားစုအတွက် ကျေးရွာ အုပ်ချုပ် ရေးအဖွဲ့မှ အသင့်အတင့် ထောက်ပံ့မှု ရှိပါသည်။ မူလတန်း ကျောင်းထွက်နှုန်းမှာ နည်းပါးသဖြင့် ကျေးရွာသူ/သားများသည် ပညာရေးဆိုင်ရာ အသိ အမြင်များ အသင့်အတင့် ရှိသည်ဟုဆိုနိုင်ပါသည်။

ကျေးရွာ၏ ပညာရေးနှင့် စာပေတတ်မြောက်မှုကို လေ့လာပါက စာမတတ်သူများ မရှိပါ။ ကျေးရွာသူ/သားများသည် စာတတ်မြောက်မှု ရှိကြပါသည်။ ထို့အပြင် မူလတန်း အဆင့်ရှိသူ (၁၁၄၉)ဦး၊ အလယ်တန်းအဆင့်ရှိသူ (၄၈၁)ဦး၊ အထက်တန်းအဆင့်ရှိသူ (၁၀၁)ဦးနှင့် တက္ကသိုလ်/ကောလိပ်အဆင့်ရှိသူ(၇၁)ဦး ရှိပါသည်။ မူလတန်းအဆင့် တတ်မြောက်သူများမှာ သက်ကြီးပိုင်းများက ပိုများပါသည်။ ကျေးရွာရှိ လက်ရှိကျောင်းတက်နေသော ကျောင်းသားဦးရေမှာ မူလတန်း (၂၅၉)ဦး၊ အလယ်တန်း (၁၁၉)ဦးနှင့် အထက်တန်း (၆၈)ဦး တို့ရှိပါသည်။ ထို့အပြင် တက္ကသိုလ်တက်နေသူ ဦးရေမှာ ကျား(၂၀)ဦးနှင့် မ(၃၄)ဦး ရှိပါသည်။ တက္ကသိုလ်တက်နေသူများတွင် ထားဝယ်တက္ကသိုလ်၊ အဝေးသင်တက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ သူနာပြုတက္ကသိုလ်၊ ကွန်ပျူတာ တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ နိုင်ငံခြားဘာသာတက္ကသိုလ် စသည့် တက္ကသိုလ်ကျောင်းသူ/သားများ ရှိသောကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူများစွာ ရရှိကြောင်း လေ့လာတွေ့ရှိ

ရပါသည်။

၇။ ကျန်းမာရေး

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ မရှိပါ။သို့သော် ကျေးရွာတွင် ဆေးပေးခန်း ရှိပြီး ဝန်ဆောင်မှုလည်းကောင်းပါသည်။ အနီးအနားကျေးရွာဖြစ်သော အင်းဇောက်ကျေးရွာ တွင် ကျေးလက်ကျန်းမာရေးဌာနရှိပါသည်။ ထို့အပြင် မြို့နယ်ဆေးရုံမှာ ကျေးရွာမှ (၅)မိုင်ခန့် ကွာဝေးပြီး အခန်း/ကုတင်လုံလောက်ပါသည်။ ကျေးရွာသူ/သားများသည် မြို့နယ် ဆေးရုံသို့ သွားရောက်သူနည်းပြီး ထားဝယ်မြို့ပြည်သူ့ဆေးရုံသို့သာ သွားရောက် ကုသကြပါသည်။ ကျေးရွာတွင် လူနာတင်ယာဉ်ရှိပြီး အရေးပေါ်ကိစ္စများကြုံတွေ့လာပါက ပို့ဆောင်ပေးလေ့ ရှိပါသည်။ ထို့အပြင် ကျေးရွာတွင် ဆေးဆိုင်ရှိပြီး ဆေးဝါးများအား စနစ်တကျ သိုလှောင် ထားပါသည်။ကျေးရွာတွင် ဝမ်းပျက်ဝမ်းလျှော၊ အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ၊ HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ နှင့် အခြားကူးစက် နိုင်သော ရောဂါများမှာ အနည်းငယ်ဖြစ်ပွားကြပါသည်။ ဆီးချိုရောဂါ ဖြစ်ပွားမှုနှုန်းမှာ မြင့်မားပါသည်။ ထို့အပြင် မိုးရာသီ၌ ကလေးများတွင် သွေးလွန်တုတ်ကွေးဖြစ်ပွားမှု အနည်းအငယ်ရှိတတ်ပြီး အချိန်မီ ကုသနိုင်သဖြင့် သေဆုံးမှုများ မရှိပါ။ ကျေးရွာတွင် (၅)နှစ်အောက်ကလေးသူငယ် များအား ကလေးပေါင်ချိန်ခြင်း၊ အာဟာရ တိုက်ကျွေးခြင်းအား လစဉ် လဆန်း (၉)ရက်နေ့တွင် ပြုလုပ်ဆောင်ရွက်လျက်ရှိပါသည်။ ကျေးရွာမှ ကျန်းမာရေးအဖွဲ့နှင့် အမျိုးသမီးရေးရာ အဖွဲ့မှာ သံဓာတ်အားဆေးတိုက်ကျွေးခြင်း၊ သန်ဆေး တိုက်ကျွေးခြင်း များကို အိမ်တိုင်ရာ ရောက် ဝန်ဆောင်မှုပေးလျက်ရှိပါသည်။ သန့်ရှင်းသောအိမ်သာ သုံးစွဲမှုမှာ ရေဆွဲအိမ်သာ သုံးစွဲသော အိမ်ထောင်စု(၄၀)စုနှင့် ယင်လုံအိမ်သာသုံးစွဲသော အိမ်ထောင်စု(၃၀၇)စု ရှိပါ သည်။ အာဟာရပညာပေး အစီအစဉ်အား လစဉ် ဆောင်ရွက်လေ့ရှိသဖြင့် ကျေးရွာသူ/ သားများသည် ကျန်းမာရေးဆိုင်ရာ အသိအမြင်ဗဟုသုတများ ရှိကြောင်း လေ့လာတွေ့ ရှိရပါသည်။

ကျေးရွာတွင် တစ်ရွာလုံးနီးပါး လက်တူးတွင်းအား အသုံးပြုပြီး (၃၃၃)တွင်း ရှိပါသည်။ သောက်သုံးရေအား ရာသီမရွေး လုံလောက်စွာ အသုံးပြုနိုင်ပြီး အရည်အသွေး ကောင်းမွန် ပါသည်။ ထို့အပြင် ကျေးရွာတွင် အဝီစီတွင်း (၁၁)တွင်း ရှိပြီး ရာသီမရွေး ရေလုံလောက်စွာ အသုံးပြုနိုင်ပါသည်။ ကျေးရွာတွင် ရေတွင်းမရှိသော အိမ်ထောင်စု(၃)စုရှိပြီး အိမ်နီးချင်း များတွင် စုပေါင်းအသုံးပြုပါသည်။ ထို့အပြင် တိုးချဲ့ရပ်ကွက်မှ အိမ်ခြေ(၃၀)ခန့်သည် ဘုန်းတော်ကြီးကျောင်း လက်တူးတွင်းမှ ရေပိုက်ဖြင့် သွယ်တန်းထားပြီး တစ်ယူနစ်လျှင် (၂၀၀)ကျပ်ပေးရပါသည်။ထို့ကြောင့် ကျေးရွာတွင်သောက်သုံးရေ အရင်းအမြစ် အသင့်အတင့်

ရှိသဖြင့် နွေရာသီရေရှားပါးမှုနှင့် ပတ်သက်၍ အခက်အခဲမရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

**၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ပန်းဒလဲကျေးရွာတွင် သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် အခက်အခဲများမှာ မရှိသလောက်နည်းပါးပါသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့် ပတ်သက်၍ စွန့်ပစ်အမှိုက်ပစ်များအား မိမိအိမ်တွင် မီးရှို့ပစ်ပါသည်။ ထို့အပြင် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ကျောင်းသူ/သားများမှ ကျေးရွာတစ်လျှောက် အမှိုက်ကောက်လေ့ ရှိပါသည်။ ထိုသို့သော စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုကြောင့် ကျေးရွာတွင် အမှိုက်ကင်းစင်ပြီး အန္တရာယ်ရှိမှုနိမ့်ပါးကြောင်း လေ့လာတွေ့ရှိရပါသည်။

**၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ**

ပန်းဒလဲကျေးရွာတွင် ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာပါဝင်မှုရှိသည့်အပြင် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာပါဝင် ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ပညာရေးနှင့် စာတတ် မြောက်မှုနှုန်းတွင် အမျိုးသားများနှင့် အမျိုးသမီးများသည် တန်းတူနီးပါးရှိ ပါသည်။ ကျား/မဆိုင်ရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြသည်။ လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု(သို့)တိုင်ကြားမှုများ မရှိခဲ့ပါ။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် နှစ်စဉ်စာပေဟောပြောပွဲများ ပြုလုပ်လေ့ရှိသဖြင့် အသိအမြင်အသင့်အတင့်ရှိကြောင်း လေ့လာတွေ့ရှိ ရပါသည်။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် - ပန်းဒလဲ | | | ကျေးရွာအမည် - ပန်းဒလဲ | |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | မှတ်ချက် |
| ၁ | စိုက်ပျိုးရေး | နည်းပညာ | စိုက်ပျိုးရေးနည်းပညာပေးသင်တန်းများ ဖွင့်လှစ်ခြင်း | |
| ၂ | စိုက်ပျိုးရေး | နည်းပညာ | စိုက်ပျိုးရေးသုံး စက်ကိရိယာများဝယ်ယူခြင်း | |
| ၃ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | (၆၀'×၃၀')ကျောင်းအဆောက်အဦ အမိုး၊အခင်း၊အကာပြုပြင်ခြင်း | |
| ၄ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | (၉၀'×၃၀')ကျောင်းအဆောက်အဦ အမိုး၊အခင်း၊အကာပြုပြင်ခြင်း | |
| ၅ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | (၆၀'×၂၀')ကျောင်းအဆောက်အဦ အမိုး၊အခင်း၊အကာပြုပြင်ခြင်း | |
| ၆ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | (၆၀'×၃၀') RC(၁)ထပ်ဆောက်လုပ်ခြင်း | |
| ၇ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | စာရေးခုံ(၁၀၀)စုံဖြည့်ဆည်းခြင်း | |
| ၈ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | အစည်းအဝေးခန်းမဆောက်လုပ်ခြင်း(၁၀၀'×၃၀') | |
| ၉ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | ကျောင်းခြံစည်းရိုးကာရံခြင်း | |
| ၁၀ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | (၂)ခန်းတွဲ အိမ်သာ(၂)လုံးပြုပြင်ခြင်း | |
| ၁၁ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ရွာတွင်းရေပြွန်(၇)စင်းပြုပြင်ခြင်း(၁၅'×၃') | |
| ၁၂ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကွန်ကရစ်တံတားဆောက်လုပ်ခြင်း(၂၄'×၅') | |
| ၁၃ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း(၂၉၀၀'×၁၂'×၆") | |
| ၁၄ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း(၄၅၀'×၁၂'×၆") | ပထမ |
| ၁၅ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း(၄၂၀'×၁၂'×၆") | ဒုတိယ |
| ၁၆ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း(၆၀၀'×၁၂'×၆") | တတိယ |
| ၁၇ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း(၁၀၀၀'×၁၂'×၆") | |
| ၁၈ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | အင်းဇောက်-ပန်းဒလဲကျေးရွာချင်းဆက်လမ်း(ဈေးလမ်း)ကွန်ကရစ်ခင်းခြင်း(၁၅၀၀'×၁၂'×၆") | |
| ၁၉ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးနုတ်ပြင်-ပန်းဒလဲကျေးရွာချင်းဆက်လမ်းကွန်ကရစ်ခင်းခြင်း(၈၀၀ ' × ၁၂'×၆") | |
| ၂၀ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများ ဖွင့်လှစ်ခြင်း (စက်ချုပ်) | |

နောက်ဆက်တွဲ (၁)

ပန်းဒလဲကျေးရွာ ၊ ပန်းဒလဲကျေးရွာအုပ်စု ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးမင်းသိန်း | ဦးဘလှိုင် | ၆/လလန(နိုင်)၀၄၃၉၃၂ | ၄၈ | နာယက | ၀၉-၂၆၂၉၃၇၅၅၉ |
| ၂ | ဦးမောင်စန်း | ဦးကြီးခိုင် | ၆/လလန(နိုင်)၀၃၆၉၂၃ | ၈၂ | နာယက | - |
| ၃ | ဦးလင်းရွှေ | ဦးပျော့ | ၆/လလန(နိုင်)၀၃၅၉၉၈ | ၈၄ | နာယက | - |
| ၄ | ဦးစိုးမြင့် | ဦးဘဒင် | ၆/လလန(နိုင်)၀၁၄၅၉၃ | ၇၀ | နာယက | - |
| | | | | | | |
| ၁ | ဦးကိုလေး | ဦးဘကြီး | ၆/လလန(နိုင်) ၀၃၆၃၀၄ | ၅၇ | ဥက္ကဋ္ဌ | ၀၉-၇၆၃၇၉၁၀၉၄ |
| ၂ | ဦးဝင်းကျော်ထွေး | ဦးကျော်စိန် | ၆/လလန(နိုင်)၀၇၄၇၇၂ | ၃၇ | အတွင်းရေးမှူး | ၀၉-၉၇၅၃၅၅၆၂၄ |
| ၃ | ဦးဇော်ထွေး | ဦးအောင်သင်း | ၆/လလန(နိုင်)၀၃၆၅၆၄ | ၄၈ | ဘဏ္ဍာရေးမှူး | ၀၉-၇၈၇၅၃၅၉၇၈ |
| ၄ | ဒေါ်ခင်ညို | ဦးစောညွန့် | ၆/လလန(နိုင်) ၀၃၅၈၉၉ | ၅၂ | စာရင်းကိုင် | ၀၉-၇၈၁၇၉၈၅၄၇ |
| ၅ | ဦးသန်းတင့်ဦး | ဦးထူးမြင့် | ၆/လလန(နိုင်)၀၃၆၇၇၈ | ၄၂ | အဖွဲ့ဝင် | - |
| ၆ | ဦးမိုးကျော် | ဦးအောင်ရွှေ | ၁၀/ကမရ(နိုင်)၀၀၅၅၁ | ၅၀ | အဖွဲ့ဝင် | ၀၉-၇၇၂၆၄၆၉၂ |
| ၇ | ဒေါ်နီနီအောင် | ဦးအောင်မိုး | ၆/လလန(နိုင်) ၁၃၁၆၇၂ | ၂၀ | အဖွဲ့ဝင် | ၀၉-၇၈၅၁၇၆၂၀၆ |
| ၈ | ဒေါ်လင်းအိမွေး | ဦးထွန်းရှိန် | ၆/လလန(နိုင်)၁၂၃၇၆၁ | ၂၄ | အဖွဲ့ဝင် | ၀၉-၇၆၇၁၆၆၈၃၇ |
| ၉ | ဒေါ်မေသဇင်အောင် | ဦးအောင်ဝင်း | ၆/လလန(နိုင်)၁၃၁၆၂၁ | ၂၀ | အဖွဲ့ဝင် | ၀၉-၇၉၉၄၂၃၈၄၇ |

## ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

### (၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

### (က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁ | ၄ | ၅ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၅၂ | ၅၁ | ၁၀၃ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၆၇ | ၈၉ | ၁၅၆ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၈၁ | ၇၄ | ၁၅၅ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၈၈၁ | ၈၈၀ | ၁၇၆၁ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၄၃ | ၈၂ | ၁၂၅ |
| စုစုပေါင်း | | ၁၁၂၅ | ၁၁၈၀ | ၂၃၀၅ |
| စုစုပေါင်း အိမ်ထောင်စု | | ၃၄၇ | | |

ရင်းမြစ်…(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

**လေ့လာတွေ့ရှိချက်။** ။ ပန်းဒလဲကျေးရွာတွင် အိမ်ထောင်စု(၃၄၇)စုရှိပြီး ကျား(၁၁၂၅)ဦးနှင့် မ(၁၁၈၀) ဦး၊စုစုပေါင်းလူဦးရေ (၂၃၀၅)ဦးရှိပါသည်။ တစ်နှစ်အောက် နို့စို့အရွယ်များမှာ အလွန်နည်းပါးပြီး အိမ်ထောင်သည်များ သားဆက်ခြားဆက်ရာ အသိပညာတိုးတက်လာမှု ရှိသည်ဟုဆိုနိုင်ပါသည်။ (၅)နှစ်အောက် ကလေးများနှင့်(၆၅)နှစ်အထက် လူကြီးများ အသင့်အတင့် ရှိပါသည်။ (၅)နှစ်မှ (၁၄)နှစ်အထိ ကျောင်းနေရွယ်ကလေးများမှာ ကျေးရွာတွင် (၃၁၁)ဦးရှိပြီး ကျေးရွာ၏ (၁၃%)ခန့် ရှိပါသည်။(၁၅)နှစ်မှ (၆၄) နှစ်အထိ လူဦးရေမှာ အများဆုံးဖြစ်ပြီး သူတို့သည် အလုပ်လုပ်ကိုင်နိုင် သူများဖြစ်ကြသည်။ထို့ကြောင့် ကျွန်ုပ်တို့ကျေးရွာတွင်ကျား၊ မလူနေမှု အချိုးအစားမှာ တူညီ လုနီးပါးရှိပါသည်။

### (ခ) အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၉ | ၃၀ | ၁၂ | မြင့် ☐ လတ် ☑ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | ၈ | ၁၃ | ၁၄ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၈ | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၃ | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂၂ | ၃၆ | ၄၇ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ၁ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၅ | ၅ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃ | ၇ | ၄ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃၃ | ၄၆ | ၃၁ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၆၈ | ၁၁၁ | ၂၈ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် အိမ်ထောင်စု | အဓိက အလုပ်အကိုင် မိသားစုဝင်လုပ်အား | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | ၁ | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၁၇ | ပညာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၄ | ၄ | ၂၀ | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၁၈ | ကျန်းမာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | ၁ | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၁၈၀ | ၂၈၁ | ၅၄ | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | စုစုပေါင်း | | | | ☒ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ" အရေအတွက်တွင် "မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ "ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)" ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ

များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ - **"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ပန်းဒလဲကျေးရွာတွင် စိုက်ပျိုးလုပ်ငန်းအား အဓိက အသက်မွေးဝမ်းကျောင်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းအား အဓိကစီးပွားရေး လုပ်ငန်းအဖြစ် လုပ်ကိုင်ကြပါသည်။ ထို့အပြင် ကျပန်းလုပ်သားများလည်း များပြားပြီး(၃၃၅)ဦး ရှိပါသည်။ ထို့အပြင် ကျေးရွာတွင် အခြားဝင်ငွေရ လုပ်ငန်းများအနေဖြင့် လက်သမား၊ ပန်းရံ၊ ဆိုင်ကယ်ပြင်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ ဘဏ်ဝန်ထမ်း၊ ပို့ဆောင်ရေးလုပ်ငန်း၊ ပညာရေးဝန်ထမ်း၊ သူနာပြုဆရာမ၊ မုန့်လုပ်ငန်း၊ ခေါက်ဆွဲနှင့် မုန့်တီပြုလုပ်ခြင်း၊ အလှပြင်ဆိုင် တို့ဖြစ်ကြပါသည်။ ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းနှင့် အနည်းအငယ်ရှိသဖြင့် စားဝတ်နေရေးအတွက် အသင့်အတင့် အဆင်ပြေမှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၈၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၅၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၄၀၀၀၀ | ၄၀၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၂၀၀၀၀ | | ၈၀၀၀ | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | ၁၀၀၀၀ | | ၅၀၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | ၈၀၀၀ | ၁၀၀၀၀ | ၃၀၀၀ | ၃၀၀၀ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်** (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြပြီး

တစ်နေ့လျှင် အများဆုံးလုပ်အားခ နှုန်းထားမှာ အမျိုးသားမှာ (၈၀၀၀-၆၀၀၀) အကြားရှိပြီး အမျိုးသမီးမှာ(၆၀၀၀-၅၀၀၀)အကြား ရှိပါသည်။ ထို့အပြင် ဆောက်လုပ်ရေးအလုပ်သမားများမှာ တစ်ရက်လျှင် အများဆုံး (၂၀၀၀၀) ကျပ်မှ အနည်းဆုံး (၈၀၀၀) အထိ ရှိပါသည်။ လက်လီလက်ကားရောင်းဝယ်မှုများမှာ အများဆုံး (၁၀၀၀၀) မှ အနည်းဆုံး (၅၀၀၀) အထိ ရှိပါသည်။ ကျွမ်းကျင်ပညာရှင်များ အနေဖြင့် အပ်ချုပ်သမားများရှိပြီး လုပ်အားခနှုန်းထားမှာ အများဆုံး (၈၀၀၀)မှ အနည်းဆုံး (၃၀၀၀)အထိ ရှိပါသည်။ အပ်ချုပ်သမားများမှာ ပွင့်လင်းရာသီများ၌ ဝင်ငွေပိုရရှိပြီး မိုးရာသီ၌ ဝင်ငွေရရှိနိုင်မှုနည်းပါသည်။ ထို့အပြင် မုန့်လုပ်ငန်း၊ မုန့်တီလုပ်ငန်းနှင့် ခေါက်ဆွဲလုပ်ငန်းတို့မှာ အလှူများရှိပါက ပိုမိုရောင်းရပြီး (၃၀၀၀၀၀-၅၀၀၀၀၀)ကျပ် အထိရရှိပါသည်။ ပုံမှန်အားဖြင့် (၁၀၀၀၀-၄၀၀၀၀)ကျပ်အကြား ရှိပါသည်။

**(၈-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | |
|---|---|---|---|---|
| လယ်မြေ | ၂၁၃ | ကောင်း ☐ | သင့် ☑ | ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၁၇ | ကောင်း ☑ | သင့် ☐ | ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၁၂၃ | ကောင်း ☐ | သင့် ☑ | ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ | သင့် ☐ | ညံ့ ☐ |
| ဓနိတောမြေ | ၇ | ကောင်း ☐ | သင့် ☑ | ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ | သင့် ☐ | ညံ့ ☐ |
| မြေလွတ် မြေလပ် | | ကောင်း ☐ | သင့် ☐ | ညံ့ ☐ |
| စုစုပေါင်း | ၃၆၀ | | ☒ | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ စိုက်ပျိုးမြေဧကမှာ (၃၆၀) ဧကရှိပါသည်။ လယ်မြေမှာ (၂၁၃) ဧကရှိပြီး မြေဆီလွှာ အရည်အသွေးအသင့်အတင့်ကောင်းမွန်ပါသည်။ ထို့အပြင် ယာမြေ (၁၇)ဧက နှင့် ဥယျာဉ် ခြံမြေ(၁၂၃)ဧကရှိပြီး ရာဘာ စိုက်ပျိုးမှု ပိုများပါသည်။ ဓနိတောမြေ (၇)ဧကမှ ဓနိဖက်၊ ပအုံးရည်နှင့် ပျားအနည်းငယ်ရရှိပါသည်။

### ၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | ☒ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ပန်းဒလဲကျေးရွာတွင် ဓာတ်သတ္တုနှင့် အခြားသဘာဝအရင်း အမြစ် များ မထွက်ရှိပါ။သို့သော်လည်း ကျောက်၊ သဲ၊ ကျောက်စရစ်များကို ကျေးရွာချောင်းမှ အနည်းအငယ်ရရှိသော်လည်း အသုံးချနိုင်မှုခက်ခဲပါသည်။ သို့သော်လည်း ကျေးရွာမှ (၅)မိုင်ခန့် ကွာဝေးသော ဝေဒီကျေးရွာတွင် လွယ်ကူစွာ ဝယ်ယူနိုင်ပါသည်။ ကျေးရွာတွင် သဘာဝမျိုးစေ့အပင်များနှင့် သဘာဝ တိရစ္ဆာန်မျိုးစေ့များ မရှိပါ။

### (ဃ) ဥစ္စာစနေအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာစနေအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၆၀ | ၁၇၇ | ၁၀၀ | ၃၀ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ပန်းဒလဲကျေးရွာတွင် စုစုပေါင်းအိမ်ထောင်စု (၃၆၇)အိမ်ရှိပြီး အဆင်

ပြေသော အိမ်ထောင်စု(၄၀)အိမ်၊ အလယ်အလတ်ရှိသောအိမ်ထောင်စုမှာ (၁၇၇)အိမ် ရှိသည့်အတွက် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် ငွေကြေး(သို့)ပစ္စည်းစသည်ဖြင့် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ပါသည်။မပြေလည်သောအိမ်ထောင်စုနှင့် အလွန်မပြေလည်သောအိမ်ထောင်စုများမှာ (၁၃၀)အိမ်ရှိပြီး ကျေးရွာ၏ (၃၇%)ခန့်ရှိပါသည်။ ထိုသူများသည် အများအားဖြင့် ကျဘန်းအလုပ် သမား များ ဖြစ်ကြပါသည်။

**(င) ထိခိုက်လွယ်မှု**

**(င-၁) ဝမ်းစာ ဖူလုံမှု**

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | ၂၀ | အခြားအစာပြောင်းလဲစား = ____<br>အစာလျှော့စား = ____<br>အထောက်အပံ့ယူ = ____<br>ချေးယူ = ___၁၀___<br>လုပ်အားခကြိုယူ = ___၁၀___ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ____<br>အစာလျှော့စား = ____<br>အထောက်အပံ့ယူ = ____<br>ချေးယူ = ____<br>လုပ်အားခကြိုယူ = ____ |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ____<br>အစာလျှော့စား = ____<br>အထောက်အပံ့ယူ = ____<br>ချေးယူ = ____<br>လုပ်အားခကြိုယူ = ____ |

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်ုပ်တို့ကျေးရွာအတွင်း အလွန်ဆင်းရဲသော အိမ်ထောင်စုများကို လေ့လာသုံးသပ်ချက်အရ ယင်းတို့မှာ သူတစ်ပါးထံမှ ချေးငှားပြီးမှ နပ်မှန်စားသုံးနိုင်ပြီး၊ အချို့မှာ သူတစ်ပါးထံမှ မချေးငှားရဘဲ နေ့လုပ်နေ့စားနေရကြောင်း၊ အချို့မှာ လုပ်အားခကြိုယူ၍ ချေးငှားစရာမလိုဘဲ သူတစ်ပါးထံမှ ချေးငှားစရာမလိုဘဲ နပ်မှန်စားသုံးနိုင်ကြောင်း၊ အချို့မှာလည်း ကျဘန်းသမားများမှာ အခြားသော အချိန်များတွင်မှ ခေါက်ပြန်ကြွေးယူခြင်း၊ အတိုးဖြင့် ဆွေမျိုး၊ မိတ်ဆွေများထံမှ ငွေချေးနေရခြင်း၊ အခြားဒေသများသို့ သွားရောက်အလုပ်လုပ်ကိုင်သူတို့ထံမှ ပြန်ပို့ငွေတို့ဖြင့် စားနပ်ရိက္ခာဖူလုံရန် ဖြေရှင်းနေကြပါသည်။

## (င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | ၁ | ၁ | ၂ |
| မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၄ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၂ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ပန်းဒလဲကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော ၆၄နှစ်နှင့် အထက် (၂)ဦးရှိပါသည်။ အမျိုးသမီး(၁)ဦးမှာ အသက်(၈၆)နှစ်ရှိပြီဖြစ်ပြီး ညီမနှင့်အတူ နေထိုင်ပါသည်။ အမျိုးသားမှာ (၆၂)နှစ်ရှိပြီး မိသားစုစောင့်ရှောက်မှု မရှိသဖြင့် အိမ်နီးချင်းများမှ ကျွေးမွေး စောင့်ရှောက် ထားရပါသည်။ ကျေးရွာတွင် သက်ကြီးစောင့်ရှောက်ရေးအဖွဲ့ရှိပြီး တစ်လတစ်ကြိမ် အိုဗာတင်း၊ ကွေကာ၊ ကြက်ဥ၊ ငှက်ပျောသီး စသည့်အာဟာရဖြည့်စွက်စာများကို ထောက်ပံ့ ပေးလျက်ရှိပါသည်။ အဆိုပါ ထောက်ပံ့မှုများဖြင့် ရန်ပုံငွေအား ရွှေ့ပြောင်းလုပ်သား(ထိုင်း၊ မလေး)များမှလည်းကောင်း၊ ကျေးရွာဈေးတွင် အလှူခံ တနင်္ဂနွေနေ့တိုင်း အိမ်တိုင်ရာရောက် စနစ်ဖြင့်ပြုစုလေ့ရှိပါသည်။ ထို့အပြင် ကျေးရွာတွင် မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် အမျိုးသား(၁)ဦးနှင့်အမျိုးသမီး(၂)ဦးလည်းရှိပါသည်။ အမျိုးသား( ၁)ဦးမှာ မွေးရာပါ ဆွံ့အဖြစ်ပြီး အမျိုးသမီး(၂)ဦးမှာ မျက်မမြင်များဖြစ်ကြပါသည်။ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု(၄)စုရှိပြီး ဈေးရောင်း၊ ကျပန်း စသည်ဖြင့် အသက်မွေးဝမ်းကျောင်းပြုကြပါသည်။ မုဆိုးဖို(၂)ဦးမှာ သားသမီးများရှိသော်လည်း အနည်းငယ်များသာ ကျွေးမွေးကြပါသည်။ ကျေးရွာတွင် အခြားဒေသသို့သွားရောက်လုပ်ကိုင်နေသော ဆင်းရဲသော မိသားစုများ မရှိပါ။

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၇ | လျှော် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ပန်းဒလဲကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေများ အနေဖြင့် ကိုယ်ခံအားကျဆင်းမှု ရောဂါဖြစ်ပွားမှု အနည်းငယ်ရှိပြီး စိုးရိမ်ရသော အခြေအနေမရှိပါ။ ထို့ကြောင့် ကျေးရွာတွင် သဘာဝဘေးအန္တရာယ်အနေဖြင့် ထိခိုက်လွယ်မှု မရှိသလောက် နည်းပါးကြောင်း လေ့လာတွေ့ရှိရပါသည်။

## (င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၅ | ဆေးစွဲသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ပန်းဒလဲကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသော အိမ်ထောင်စုနှင့် ကျပန်းအလုပ်သမားများ အခက်အခဲအနည်းငယ်ရှိပြီး ထိခိုက်လွယ်မှုနိမ့်ပါသည်။ ထို့အပြင် ကားမောင်း ပြီး အသက်မွေးသူများရှိသော်လည်း ထိခိုက်မှုများ မရှိပါ။ ဒေသအတွင်း ပဋိပက္ခဇရိယာတွင် နေထိုင်သူများ၊ နယ်စပ်တွင် နေထိုင်သူများ၊ ရွှေတွင်းအလုပ်သမားများ၊ မြေနိမ့်ပိုင်းတွင် နေထိုင်သူများ၊ ကူးစက်ရောဂါ ရနိုင်ခြေရှိသောသူများ၊ နယ်စပ်တွင် နေထိုင်သူများ မရှိပါ။

**(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

**(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ**

**(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

